## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစား အသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်

**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/ ၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com

GGI TOKIO MARINE
အထွေထွေအာမခံ



# ပြည်ပ ရေကြောင်းပို့ကုန် အာမခံ

လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# ပြည်ပက သင့်သွင်းကုန် ပို့ကုန်ကို ကာကွယ်ပါ

ကမ္ဘာကြီးက ချိတ်ဆက်မှုအား ပိုကောင်းလာတာနဲ့အမျှ မြန်မာ့ လုပ်ငန်းရှင်တွေဟာလည်း မိမိတို့ရဲ့ အဖိုးတန် ကုန်စည်တွေကို ပြည်ပရေကြောင်းခရီးနဲ့ ပို့ဆောင်ရာမှာ ဖြစ်ပေါ်နိုင်တဲ့ မတော်တဆမှုတွေကနေ ကာကွယ်ဖို့ လိုအပ်လှပါတယ်။

ဒီအထူးပေါ်လစီကနေ လုပ်ငန်းရှင်ဖြစ်တဲ့ သင့်အတွက် သင့်ရဲ့ ရေကြောင်း၊ လေကြောင်းနှင့် တင်သွင်းတင်ပို့ လုပ်ဆောင်နေတဲ့ ကုန်စည်တွေကို ထိခိုက်ဆုံးရှုံးမှုကနေ ကာကွယ်ပေးမှာဖြစ်ပါတယ်။

ကမ္ဘာအနှံ့အပြားက သင့်ရဲ့လုပ်ငန်းကို အရည်အသွေးမြင့် အကာအကွယ်ဖြင့် ကမ္ဘာကြီးရဲ့ နေရာတိုင်းမှာ ကျွန်ုပ်တို့ ကာကွယ်ပေးမှာပါ။

သင့်ကုန်စည်တွေဟာ သိပ်အရေးကြီးလှတာမို့ ကံကိုပုံအပ်မထားဘဲ ဒီနေ့ပဲ ကျွန်ုပ်တို့ဆီမှာ အာမခံထားပြီး သင့်ကုန်စည်တွေ လုံခြုံတယ်ဆိုတဲ့ အသိနဲ့ စိတ်ချလက်ချနေလိုက်ပါ။

## ဝန်ဆောင်မှုများ

ဒီပေါ်လစီကသင်္ဘောမီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်းအပြင်၊ သင်္ဘောများ သောင်တင်ခြင်း၊ နစ်မြုပ်ခြင်းနဲ့ တိမ်းမှောက်ခြင်းကြောင့် ဆုံးရှုံးထိခိုက်မှုအတွက် အကာအကွယ်ပေးပါတယ်။ အခြားသင်္ဘောများနှင့် ထိခိုက်မိခြင်း၊ အခြားပြင်ပအရာများနှင့် ရေယာဉ်ထိခိုက်မိခြင်းတို့ အတွက်လည်း ကာကွယ်ပေးပါတယ်။

သွင်းကုန်လုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်စည်ပိုင်ရှင်များ၊ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များနဲ့ တရားဝင်ကိုယ်စားလှယ်များအနေနဲ့ ဒီပေါ်လစီကိုရယူထားသင့်ပါတယ်။

## CORE BENEFITS

ကြိုမမြင်ရသော အခြေအနေများနှင့် သင်္ဘောမီးလောင်ခြင်း၊ ပေါက်ကွဲခြင်းတို့ကြောင့် မျှော်လင့်မထားသော မတော်တဆ ထိခိုက်ဆုံးရှုံးမှုတွေကနေ အကာအကွယ်ပေးခြင်း။

သင်္ဘောသောင်တင်ခြင်း၊ နစ်မြုပ်ခြင်းနှင့် တိမ်းမှောက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ကုန်ပစ္စည်း ပျက်စီးဆုံးရှုံးခြင်းတို့အတွက် အကာအကွယ်ပေးခြင်း။

ရေကြောင်း သယ်ယူပို့ဆောင်ရာတွင် သင်္ဘောချင်း ထိခိုက်မိခြင်း၊ အခြားပြင်ပအရာနှင့် ထိခိုက်မိခြင်းတို့ အတွက် အကာအကွယ်ပေးခြင်း။

